# ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၈ ။)

၁၃၇၆ခုနှစ်၊တန်ခူးလဆန်း၁၄ရက်

(၂၀၁၅ခုနှစ်၊ ဧပြီလ၂ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကိုကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစ၍ အကျိုးသက်ရောက်စေရမည်။

၃။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၂၁တွင်-

(က) "သတ်မှတ်ရာခိုင်နှုန်းအတိုင်း" ဆိုသည့် စကားရပ်အစား "သတ်မှတ်ရာခိုင်နှုန်း သို့မဟုတ် သတ်မှတ်ငွေပမာဏအတိုင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(စ) ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကို ထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း သို့မဟုတ် ပြေစာအား ထုတ်ပေးသော်လည်း စည်းမျဉ်းများဖြင့် သတ်မှတ်ထားသော ကျသင့်အခွန်တန်ဖိုးအတိုင်း အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန်ပျက်ကွက်ခြင်းတို့ကို မြို့နယ်အခွန်ဦးစီးဌာနမှူးကစစ်ဆေးတွေ့ရှိပါက ယင်းသို့ ပျက်ကွက်ခြင်းအတွက် ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားတန်ဖိုးအပေါ် ကျသင့်အခွန်၏ တစ်ရာရာခိုင်နှုန်း ပေးဆောင်စေရမည့် အပြင် ဘဏ္ဍာရေးနှစ် တစ်နှစ်အတွင်း ပျက်ကွက်မှုအကြိမ်အလိုက် အောက်ပါငွေပမာဏကိုပါ ပေးဆောင်စေရမည်-

(၁) ပထမအကြိမ် ပျက်ကွက်ခြင်းအတွက် ကျပ်နှစ်သိန်း၊

(၂) ဒုတိယအကြိမ် ပျက်ကွက်ခြင်းအတွက် ကျပ်ငါးသိန်း၊

(၃) တတိယအကြိမ် ပျက်ကွက်ခြင်းအတွက် ကျပ်ခုနစ်သိန်း၊

(၄) တတိယအကြိမ်အထက်ပျက်ကွက်ခြင်းအတွက် တစ်ကြိမ်လျှင် ကျပ်တစ်ဆယ်သိန်း။"

၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၂၃၊ ပုဒ်မခွဲ (ဃ) နောက်တွင် ပုဒ်မခွဲ (င)ကို အောက်ပါ အတိုင်း ဖြည့်စွက်ရမည်-

"(င) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လုံလောက်သောအကြောင်းမရှိဘဲ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း။"

၅။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၃၃ ၏ နောက်တွင် ပုဒ်မ ၃၄ ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

“၃၄။ ပြေစာ သို့မဟုတ် ငွေလက်ခံ ရရှိကြောင်း အထောက်အထားကို ထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း၊ ပြေစာအား ထုတ်ပေးသော်လည်း ကျသင့်အခွန် တန်ဖိုးနှင့်ညီမျှသော အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့အတွက် အထောက်အထားဖြင့်သတင်းပေးတင်ပြသူအား ပုဒ်မ ၂၁၊ပုဒ်မခွဲ(စ)အရ ကျသင့်အခွန်၏ တစ်ရာ ရာခိုင်နှုန်းဖြစ်သော ဒဏ်ငွေ၏ တစ်ဆယ် ရာခိုင်နှုန်းအပြင် အကြိမ်အလိုက် ပျက်ကွက်ခြင်းအတွက် ဒဏ်တပ်ရိုက်သည့် ဒဏ်ငွေ၏ တစ်ဆယ်ရာခိုင်နှုန်းကို ဆုကြေးအဖြစ် ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူ မည်သူဖြစ်ကြောင်းကိုအစိုးရကိစ္စမှတစ်ပါး ဖော်ထုတ်ခြင်း မပြုရ။”

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်